個人情報取り扱い同意書（ミャンマー語版）　※閲覧専用（実際の記入は日本語版の同意書を使用してください。）

ဆောက်လုပ်ရေးလုပ်သားများ၏ လုပ်ငန်းခွင်ကျွမ်းကျင်မှု မြင့်တက်စေရန်စနစ်　ပညာရှင်လုပ်သား၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များ မှတ်ပုံတင်ရန် လျှောက်လွှာ

ဆောက်လုပ်ရေးလုပ်သားများ၏ လုပ်ငန်းခွင်ကျွမ်းကျင်မှု မြင့်တက် စေရန်စနစ် ကိုယ်ရေးကိုယ်တာ အချက်အလက်များ စီမံခန့်ခွဲခြင်းဆိုင်ရာ သဘောတူညီချက်။

※လျှောက်ထားသူအားလုံး လိုအပ်သည်။

ဆောက်လုပ်ရေးလုပ်သားများ၏ လုပ်ငန်းခွင်ကျွမ်းကျင်မှု မြင့်တက်စေရန်စနစ်ကို အသုံးပြုရန် လျှောက်လိုပါက (ဆောက်လုပ်ရေးလုပ်သားများ၏ လုပ်ငန်းခွင်ကျွမ်းကျင်မှု မြင့်တက်စေရန်စနစ် အသုံးပြုရန် စည်းကမ်းချက်များ)ကို သဘောတူရန် လိုအပ်ပါသည်။ ထို့အပြင် ဤဖောင်ဒေးရှင်းသည် ဤစနစ်တွင် မှတ်ပုံတင်ထားသူတို့၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကိုစီမံခန့်ခွဲရာတွင် အောက်ဖော်ပြပါအတိုင်း သတ်မှတ်ကာ၊ ကိုယ်ရေးကိုယ်တာအချက်အလက်များကို ကာကွယ်ရန်နှင့်သက်ဆိုင်သော ဥပဒေတို့အပြင် အခြားသော သက်ဆိုင်ရာ ဥပဒေနှင့်တကွ ဤဖောင်ဒေးရှင်းမှ ချမှတ်ထားသည်။ စည်းမျဉ်းစည်းကမ်းများကို လိုက်နာကာ၊ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ဥပဒေနှင့်အညီ မှန်ကန်စွာစီမံခန့်ခွဲပါမည်။

■ကိုယ်ရေးကိုယ်တာ အချက်အလက်များကို စီမံခန့်ခွဲခြင်းနှင့်ပတ်သက်၍ (ကောက်နှတ်ချက်)

၁။ အသုံးချရန်ရည်ရွယ်ချက်နှင့်ပတ်သက်၍

၁. ပညာရှင်လုပ်သားက မိမိ၏အတတ်ပညာနှင့် အတွေ့အကြုံတို့နှင့် သင့်လျော်သော အကဲဖြတ်ခြင်းကို ခံယူကာ ရသင့်ရထိုက်သည့် လခ၊ အခွင့်အရေးစသည်တို့ ပိုမို ရရှိလာစေရန်၊ ပညာရှင်လုပ်သား၊ ၄င်း၏ အလုပ်ရှင်၊ အလုပ်ရှင်၏အထက်ရှိ ကန်ထရိုက်တာ စသည်တို့ကပူးပေါင်းကာ(ပညာ[1]ရှင်လုပ်သား၏အခြေခံသတင်းအချက်အလက်များ၊ ဆောက်လုပ်ရေးလုပ်သားများ၏ လုပ်ငန်း ခွင်ကျွမ်းကျင်မှု မြင့်တက်စေရန်စနစ် ကိုယ်ရေးကိုယ်တာ အချက်အလက်များ ကာကွယ်ရန်မူဝါဒ၊ (http://www.kensetsu-kikin.or.jp/ccus/profile/p-policy) ၏ ပူးတွဲပါဇယား(၁)တွင် ဖော်ပြထားသောကိုယ်ရေးကိုယ်တာ အချက်အလက်များကို ဆိုလိုသည်။အောက်တွင် ဆက်လက်ပါဝင် သည်များလည်း ထိုနည်းလည်းကောင်းနှင့် 「ပညာရှင် လုပ်သား၏ အလုပ်လုပ်ခဲ့သည့်ရာဇဝင် အချက် အလက်များ」 (ဤဖောင်ဒေးရှင်း၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များ ကာကွယ်ရန်မူဝါဒ၏ ပူးတွဲ ပါဇယား(၂)တွင်ဖော်ပြထားသောကိုယ်ရေးကိုယ်တာ အချက်အလက်များကို ဆိုလိုသည်။ (အောက်တွင်လည်း အဓိပ္ပါယ်တူပါမည်) ကိုအောက်ပါအတိုင်း ဤစနစ်တွင် မှတ်ပုံတင်ရန်၊ ထပ်မံစုဆောင်းရန်၊ ထို့အပြင် နေ့လာဆုံးပေါ် အချက်အလက်များကို မွမ်းမံရန်တို့ဖြစ်ပါသည်။

၁-၁. ပညာရှင်လုပ်သား၏ အခြေခံအချက်အလက်များကို ပညာရှင်လုပ်သားကိုယ်တိုင်(သို့မဟုတ် ပညာရှင်မှ တာဝန်အပ်နှင်းထားသော ကုမ္ပဏီအဖွဲ့အစည်းစသည်တို့)က ဤစနစ်တွင် မှတ်ပုံတင်ခြင်း နှင့်မွမ်းမံခြင်း၊

၁-၂ ပညာရှင် လုပ်သား၏ အလုပ်ရာဇဝင် အချက်အလက်များကို ပညာရှင်လုပ်သား၏ အလုပ်ရှင်၊ ကန်ထရိုက်တာစသည့် လုပ်ငန်းရှင်များ၊ ပညာရှင်လုပ်သားကိုယ်တိုင်က ဤစနစ်တွင် မှတ်ပုံတင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့်မွမ်းမံခြင်း။

၁-၃ ပညာရှင် လုပ်သား၏ အလုပ်ရာဇဝင် အချက်အလက်များကိုစုစည်းရန် 「အလုပ်ရှင်၏သတင်း အချက်အလက်」 (ပူးတွဲပါဇယား (၃)တွင် ပြုစုထားသော ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ဆိုလိုသည်။ အောက်တွင်လည်း အဓိပ္ပါယ်တူပါမည်) 「အလုပ်ခွင်(ဆိုက်) စာချုပ်ပါအချက်အလက်များ」 (ပူးတွဲပါဇယား (၄)တွင် ပြုစုထားသော ကိုယ်ရေးကိုယ်တာ အချက်အလက်များကိုဆိုလိုသည်။ အောက်တွင်လည်းအဓိပ္ပါယ်တူပါမည်) ကို ပညာရှင်လုပ်သား

 က တာဝန်ထမ်းဆောင်လျက်ရှိသော အ လုပ်ရှင်၊ ကန်ထရိုက်တာ အစရှိသူတို့က ဤစနစ်တွင် မှတ်ပုံတင်ခြင်းနှင့် မွမ်းမံခြင်း။

၁-၄ ပညာရှင် လုပ်သား၏ အလုပ်ရာဇဝင် အချက်အလက်များ၊ ပညာရှင်လုပ်သား၏ အခြေခံသတင်း အချက်အလက်များ (အလုပ်ရှင်၏သတင်းအချက်အလက်များတို့အပြင်၊ အလုပ်ခွင်(ဆိုက်)၊ စာချုပ်ပါအချက်အလက်များကို ဤဖောင်ဒေးရှင်းက အသိအမှတ်ပြု ထားသောပုဂ္ဂလိက အဖွဲ့အစည်းတို့၏ အ ဝင်အထွက်ကို ထိန်းချုပ်သည့်စနစ်၊ လုံခြုံရေးထိန်းချုပ်သည့်စနစ် စသည်တို့နှင့် ချိတ်ဆက် (ပူးပေါင်း အသုံးချ)ကာ ဤစနစ်၌ မှတ်ပုံတင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် မွမ်းမံခြင်း။

၂. ၁ အရ မှတ်ပုံတင်ခြင်းအပြင်ဖြည့်စွက်ခြင်းခံရသော ပညာရှင်လုပ်သား၏ အခြေခံသတင်း အချက်အလက်များ၊ ပညာရှင်လုပ်သား၏ အလုပ်ရာဇဝင် အချက်အလက်များ၊ အလုပ်ရှင်၏ သတင်းအချက် အလက်နှင့် အလုပ်ခွင်(ဆိုက်)၊ စာချုပ်ပါအချက်အလက်များကို အသုံးပြုကာ မှတ်ပုံတင် ထားသူက ထူး ချွန်သူ ဟုတ်မဟုတ်၊ ထို့အပြင် ပညာရှင်လုပ်သားနှင့် ထိုပညာရှင်လုပ်သား၏အလုပ်ရှင်က သင့်တော်၊ မတော်ကို သိရှိ သို့မဟုတ် ဆုံးဖြတ်နိုင်ရန်အတွက်။ ထို့အပြင် အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်စေရန်လုပ် ဆောင်သွား ရန်ရှိသောပညာရှင်လုပ်သား၏ အရည်အချင်းစစ်ဆေးခြင်းနှင့် အလုပ်ရှင်၏ လုပ်ဆောင်နိုင် စွမ်းရည်ကို အကဲဖြတ်နိုင်ရန် ဖွဲ့စည်းထားသည်များနှင့် ဆက်စပ်ကာ ပညာရှင်လုပ်သားများအတွက် အလုပ်ရရှိစေခြင်းနှင့် လခအနှိမ်မခံရစေရန် လုပ်ဆောင်ခြင်း။

၂-၁ မှတ်ပုံတင်ထားသူအချင်းချင်းက ပညာရှင်လုပ်သား၏ အခြေခံသတင်း အချက်အလက်များ၊ ပညာရှင်လုပ်သား၏ အလုပ်ရာဇဝင် အချက်အလက်များ၊ အလုပ်ရှင်၏ သတင်းအချက် အလက်နှင့် အလုပ်ခွင် (ဆိုက်)၊ စာချုပ်ပါအချက်အလက်များကို မျှဝေပါမည်။ (အတူတကွအသုံးချပါမည်။) သို့သော် ပညာရှင်လုပ်သား၏ အလုပ်ရှင်ကုမ္ပဏီ၊ကန်ထရိုက်တာမှအပ အခြားသောလုပ်ငန်းရှင်များ အပေါ်တွင်မူ ပညာရှင်လုပ်သား၏ အခြေခံသတင်း အချက်အလက်၊ ပညာရှင် လုပ်သား၏ အလုပ်ရာဇဝင် အချက်အလက်တို့ အနက်၊ ပညာရှင်လုပ်သားကိုယ်ဌကသော်လည်းကောင်း၊ အလုပ်ရှင်ကသော်လည်း ကောင်း မျှဝေရန် သဘောတူထားခြင်း မရှိသည့် အချက်အလက်များ မပါဝင်ပါ။

၂-၂ ပညာရှင်လုပ်သား၏ အခြေခံသတင်း အချက်အလက်၊ ပညာရှင်လုပ်သား၏ အလုပ်ရာဇဝင် အချက်အလက်တို့ အနက် ပညာရှင်လုပ်သားကိုယ်ဌက သဘောတူထားသော အချက်များနှင့် ပတ်သက်၍၊ ပညာရှင် လုပ်သား၏ ကျွမ်းကျင်မှုကိုအကဲဖြတ်ရန်နှင့် အလုပ်ရှင်၏ လုပ်ဆောင်နိုင်စွမ်းကို တိုင်းတာရန်ဖွဲ့စည်းထားသည့်အဖွဲ့အစည်း အပေါ်တွင် လိုအပ်သလောက် ပုံပိုးသွားမည်ဖြစ်ပါသည်။

၃. ၁ အရ မှတ်ပုံတင်ထားသော၊စုဆောင်းထားသော ပညာရှင်လုပ်သား၏ အခြေခံသတင်း အချက်အ လက်များ၊ ပညာရှင်လုပ်သား၏ အလုပ်ရာဇဝင် အချက်အလက်များ၊ အလုပ်ရှင်၏ သတင်းအချက်အလက်နှင့် အလုပ်ခွင် (ဆိုက်)၊ စာချုပ်ပါအချက်အလက်များကို အသုံးပြုကာ ပိုမိုရှိ မှန်ကန်ပြီး အကျိုးရှိ စွာဖြင့် ပညာရှင်လုပ်သားက အလုပ်ခွင်အတွင်းရောက်ရှိနေချိန်၊ အလုပ်လုပ်နေသည့် လက်ရှိအလုပ်ခွင်၏ အလုပ်ရှင်၊ ၄င်း၏အထက်ဆင့်ရှိကန်ထရိုက်တာ စသည်တို့က အလုပ်ခွင်၏ အန္တယ်ရာယ်ကင်းရှင်းစေရန်၊ သန့်ရှင်းစေရန်၊ လူမှုဖူလုံရေးအာမခံသို့ ဝင်ရောက်ထားခြင်း ရှိ၊ မရှိကို စစ်ဆေးခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်း အငြိမ်းစားထောက်ပံ့ကြေးအာမခံစနစ်၏ အာမခံလက်မှတ်ထုတ်ပေးနိုင်ရန်၊အလုပ်ခွင်(ဆိုက်)ကို သင့်လျော်စွာ စီမံခန့်ခွဲနိုင်ရန်၊လုပ်ငန်းများပိုမိုထိရောက်နိုင်စေရန်၊ လုပ်ငန်းအရည်အသွေး ပိုမိုမြင့်တက်လာစေရန်အလို့ငှါ။

၃-၁ ပညာရှင်လုပ်သား၏ အခြေခံသတင်းအချက်အလက်များ၊ ပညာရှင်လုပ်သား၏ အလုပ်ရာဇဝင် အချက်အလက်များနှင့်ပတ်သက်၍ လိုအပ်သော အတိုင်းအတာအထိ အလုပ်ခွင်(ဆိုက်)၏ အလုပ်ရှင်များ၊ ၄င်း၏အထက်အဆင့်ရှိကန်ထရိုက်တာများနှင့် ပညာရှင်လုပ်သားက တာဝန်ထမ်းဆောင်လျက်ရှိသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းတို့သို့မျှဝေပါမည်။ (အတူတကွ အသုံးချခြင်း)

၃-၂ ပညာရှင်လုပ်သား၏ အခြေခံသတင်းအချက်အလက်များ၊ ပညာရှင်လုပ်သား၏ အလုပ်ရာဇဝင် အချက်အလက်များနှင့်ပတ်သက်၍ ဤစနစ်နှင့် ဤဖောင်ဒေးရှင်းက အသိအမှတ်ပြုထားသော ပုဂ္ဂလိက အဖွဲ့အစည်းတို့၏အဝင်အထွက်ကို ထိန်းချုပ်သည့်စနစ်၊ လုံခြုံရေးထိန်းချုပ်သည့်စနစ်စသည်တို့နှင့် ချိတ်ဆက်(ပူးပေါင်းအသုံးချ)ပါမည်။

၄. မှတ်ပုံတင်ခြင်း၊ ဆက်သွယ်ခြင်း၊ မည်သူမည်ပါဖြစ်ကြောင်း စစ်ဆေးခြင်း၊ လုပ်ငန်းရှင်ကို ရွေးချယ်ခြင်းတို့အပြင်၊ ဤစနစ်က သင့်လျော်စွာနှင့် ချောမွေ့စွာ လည်ပတ်နိုင်စေရန်အတွက်။

၅. ဤစနစ်ကို အဆင့်မြင့်တင်ရန်နှင့် သက်ဆိုင်သူများကို စည်းရုံးနိုင်ရန်တို့အပြင် ဤစနစ်ကို ပိုမို ကောင်းမွန်စေရန် အတွက် လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်စေရန်။

၆. ဆောက်လုပ်ရေးလုပ်ငန်းရှိ ပြဿနာများကို စုံစမ်းစစ်ဆေး၊ ခွဲခြမ်းစိတ်ဖြာနိုင်စေရန်။

၂။ ကိုယ်ရေးကိုယ်တာအချက်အလက်များကို အတူတကွ အသုံးချရန်နှင့်ပတ်သက်၍

ဤဖောင်ဒေးရှင်းသည် မှတ်ပုံတင်ထားသူ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို အောက်ပါအတိုင်း အတူတကွ အသုံးချပါမည်။

(၁)ရည်ရွယ်ချက်

အသုံးချရန် ရည်ရွယ်ချက် ၁ မှ ၃ အထိတူပါသည်။

(၂)အတူတကွ အသုံးချမည့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များ

① 「ပညာရှင်လုပ်သား၏ အခြေခံသတင်းအချက်အလက်များ」

② 「ပညာရှင်လုပ်သား၏ အလုပ်ရာဇဝင် အချက်အလက်များ」

③ 「အလုပ်ရှင်၏သတင်း အချက်အလက်များ」

④ 「အလုပ်ခွင်(ဆိုက်)၊ စာချုပ်ပါအချက်အလက်များ」

သို့သော် အသုံးချရန် ရည်ရွယ်ချက် (၂)-၁နှင့်ပတ်သက်၍ ပညာရှင်လုပ်သားက တာဝန်ထမ်းဆောင် လျက်ရှိသော အလုပ်ရှင်ကုမ္ပဏီမှအပ၊ အခြားသောကုမ္ပဏီများနှင့်ပတ်သက်၍ ပညာရှင်လုပ်သား၏အခြေခံသတင်းအချက်အလက်၊ ပညာရှင်လုပ်သား၏ အလုပ်ရာဇဝင် အချက်အလက်တို့မှ၊ ပညာရှင်က သော်လည်းကောင်း၊ ၄င်း၏အလုပ်ရှင်ကုမ္ပဏီ ကသော်လည်းကောင်း မျှဝေရန် သဘောတူ ထားခြင်း မရှိသည့်အကြောင်းအရာများ မပါဝင်ပါ။

(၃) အတူတကွ သုံးစွဲမည့်သူများကို ကန့်သတ်ခြင်းနှင့် အသုံးပြုရန် ရည်ရွယ်ချက်

①ဆောက်လုပ်ရေး လုပ်ငန်းများ လုပ်ကိုင်သွားရန်အတွက် သက်ဆိုင်ရာ ဆောက်လုပ်ရေး လုပ်ငန်းတွင် ပါဝင်လုပ်ကိုင်လျက်ရှိပြီး (သို့)ဝင်ရောက်လုပ်ကိုင်ရန်ရှိသူ ပညာရှင်လုပ်သားနှင့် သက်ဆိုင်သည့်ပညာရှင်လုပ်သား၏ အခြေခံသတင်းအချက်အလက်များနှင့် ပညာရှင်လုပ်သား၏ အလုပ်ရာဇဝင် အချက်အလက် တို့၏ အလုံးစုံ(သို့) တစိတ်တဒေသကို ရယူထားကာ၊ (သို့) ရယူနိုင်ရန် ဆောင်ရွက်လျက် ရှိသော ပုဂ္ဂလိ က အဖွဲ့အစည်းတို့၏ အဝင်အထွက်ကို ထိန်းချုပ်သည့် စနစ်၊ လုံခြုံရေး ထိန်းချုပ်သည့် စနစ် စသည်တို့ (ဤစနစ်နှင့် ချိတ်ဆက်ရန် လိုအပ်ချက်များ ပြည့်မှီသည်ဟု ဤဖောင်ဒေးရှင်းက အသိ အမှတ်ပြုထား သည်မှအပ)ကို အသုံးပြုသူ လုပ်ငန်းရှင်နှင့် အော်ပရေတာ လုပ်ငန်းရှင်များ (အသုံးပြုရန် ရည်ရွယ်ချက်၊ (၁)- ၄နှင့်(၃)-၂

②ဤစနစ်တွင် မှတ်ပုံတင်ထားသူ (အသုံးပြုရန် ရည်ရွယ်ချက်၊ (၂)- ၁နှင့်(၃)- ၁)။ သို့သော် အသုံးပြုရန် ရည်ရွယ်ချက်(၃)- ၁နှင့်ပတ်သက်၍ ပညာရှင်လုပ်သားက လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်း (သို့) ဝင် ရောက်ခဲ့သည့် အလုပ်ခွင်(ဆိုက်) ၏အလုပ်ရှင်၊ ၄င်း၏အထက် ကန်ထရိုက်တာနှင့် ပညာရှင်လုပ်သား ၏ အလုပ်ရှင်ကုမ္ပဏီကသာ အသုံးချနိုင်သည်ဟု ကန့်သတ်ထား)

(၄) အဆိုပါ တာဝန်ခြင်းစီ၏ အချက်အလက်များကို ထိန်းသိမ်းရန် တာဝန်ရှိသူ

① လုပ်ငန်းခွင် ကျွမ်းကျင်မှု မြင့်တက်စေရန်စနစ်၏ မန်နေဂျာ

②ဤဖောင်ဒေးရှင်းက အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကအဖွဲ့အစည်းတို့၏ စနစ်

※ စနစ်၏ အမည်ကို သီးခြားဖော်ပြ။

(၃) ကိုယ်ရေးကိုယ်တာအချက်အလက်များကို တတိယပါတီများသို့ပေးခြင်းနှင့်ပတ်သက်၍

ဤဖောင်ဒေးရှင်းသည် အောက်ပါအချက်များအနက် တချက်ချက်နှင့် သက်ဆိုင်သည်မှအပ မှတ်ပုံတင်ထားသူ ၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို တတိယပါတီသို့ ပေးအပ်မည်မဟုတ်ပါ။

① မှတ်ပုံတင်ထားသူထံမှ ကြိုတင်၍သဘောတူညီမှုကိုရရှိထားပါက၊

②ဥပဒေအရ ပေးအပ်ရန် တောင်းဆိုခံရသည့်အခါ၊

③လူသားတို့၏ အသက်အိုးအိမ်၊စည်းစိမ်ကို ကာကွယ်ရန်လိုအပ်နေချိန် မှတ်ပုံတင်ထားသူ၏ သ ဘောတူညီမှုကို ရရှိရန်ခက်ခဲသည့်အခါ၊

④အများပြည်သူကျန်းမာရေးကောင်းမွန်စေရန်နှင့် (သို့) ကလေးသူငယ်များကောင်းမွန်စွာ ဖွံ့ဖြိုးတိုး တက်စေရန် အထူးလိုအပ်နေသည့်အချိန်ဖြစ်ကာ၊မှတ်ပုံတင်ထားသူ၏ သဘောတူညီမှုကို ရရှိရန်ခက် ခဲသည့်အခါ၊

⑤ဗဟိုအစိုးရ(သို့)ဒေသန္တရအစိုးရက ဥပဒေအရသတ်မှတ်ထားသည်များကို အကောင်အထည်ဖော် လုပ်ဆောင်ရာတွင် ကူညီပေးရန် လိုအပ်ပြီး၊မှတ်ပုံတင်ထားသူ၏သဘော တူညီချက်ကို ရရှိလိုက်ခြင်း ဖြင့် အဆိုပါ လုပ်ငန်းများအတွက် အနှောက်အယှက်ဖြစ်သွားနိုင်ဖွယ်ရာရှိသည့်အခါ၊

⑥အသုံးချရန် ရည်ရွယ်ချက် အောင်မြင်စေရန်အတွက်လိုအပ်သော ပမာဏအတိုင်းအတာအတွင်း၌ သာပြင်ပသို့ တာဝန်အပ်နှင်းလိုက်သည့်အခါ၊

⑦ 「၂ ကိုယ်ရေးကိုယ်တာအချက်အလက်များ အတူတကွအသုံးချခြင်းနှင့် ပတ်သက်၍」 တွင်ပါဝင်သော အတူတကွ အသုံးပြုသူများ၏ ဘောင်အတွင်း၌ ပါဝင်သူများကို မျှဝေပေးသည့်အခါ၊

အသေးစိပ်နှင့်ပတ်သက်၍ ဤဖောင်ဒေးရှင်း၏ဝဘ်ဆိုဒ်တွင် ဖော်ပြထားသော (ကိုယ်ရေးကိုယ်တာအ ချက်အလက်များ ကာကွယ်ရေးမူဝါဒ) ဆောက်လုပ်ရေးလုပ်သားများ၏ လုပ်ငန်းခွင်ကျွမ်းကျင်မှုမြှင့် တက်စေရန်စနစ်၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကိုယ်တွင်ခြင်းနှင့်ပတ်သက်၍ (အသုံးချ ရန်ရည်ရွယ်ချက်) (အတူတကွ အသုံးချခြင်းနှင့် ပတ်သက်၍) (ကိုယ်ရေးကိုယ်တာ အချက်အလက် များကို တတိယ ပါတီသို့ပေးအပ်ခြင်းနှင့်ပတ်သက်၍)တို့ကို ဖတ်စေချင်ပါသည်။

閲覧専用

အထက်ပါ ရေးသားထားသည်များအပြင်၊ဤဖောင်ဒေးရှင်း၏ ဝဘ်ဆိုဒ်တွင် ဖော်ပြထားသော ဆောက်လုပ်ရေးလုပ်သားများ၏ လုပ်ငန်းခွင်ကျွမ်းကျင်မှု မြင့်တက်စေရန်စနစ်၊ ကိုယ်ရေးကိုယ်တာအချက်အ လက်များ ကာကွယ်ခြင်းဆိုင်ရာမူဝါဒ စသည်တို့ကို ဖတ်ရှုပြီးဖြစ်ကာ၊ ဤအချက်များကို သဘောတူ ပါသည်။

上記に記載の他、本財団ホームページに記載されている建設キャリ アアップシ ステム個人情報保護方針等の内容を確認し、これに同意 します。

本人署名又は記名押印
လျှောက်ထားသူ၏လက်မှတ်သို့မဟုတ်အမည်နှင့်တံဆိပ်

署名又は記名押印日　年　月　日
လက်မှတ် သို့မဟုတ် အမည်ရေးသားသည့်နေ့　နှစ်။　လ၊　ရက်၊

閲覧専用

အထက်ပါ ရေးသားထားသည်များအပြင်၊ဤဖောင်ဒေးရှင်း၏ ဝဘ်ဆိုဒ်တွင် ဖော်ပြထားသော ဆောက်လုပ်ရေးလုပ်သားများ၏ လုပ်ငန်းခွင်ကျွမ်းကျင်မှု မြင့်တက်စေရန်စနစ်၊ ကိုယ်ရေးကိုယ်တာအချက်အ လက်များ ကာကွယ်ခြင်းဆိုင်ရာမူဝါဒ စသည်တို့ကို ဖတ်ရှုပြီးဖြစ်ကာ၊ ဤအချက်များကို သဘောတူ ပါသည်။

※လျှောက်ထားသူက အသက်မပြည့်သေးပါက ဥပဒေအရ အုပ်ထိန်းသူ၏ လက်မှတ်(သို့)အမည်နှင့်တံဆိပ်တုံးတို့လိုအပ်ပါသည်။ဥပဒေအရ အုပ်ထိန်း သူ (□ အုပ်ထိန်းသူ　□ အမွေကိုရောင်းချနိုင်ခွင့်မရှိသည့်အုပ်ထိန်းသူ □ အမွေကိုရောင်းချရာတွင် အစဉ်အထောက်အပံ့ လိုအပ်သည့်အုပ်ထိန်းသူ□ အမွေကိုရောင်းချရာတွင်တခါတရံ အထောက်အပံ့ လိုအပ်သည့်အုပ်ထိန်းသူ　□ အခြား　)。

上記に記載の他、本財団ホームページに記載されている建設キャリ アアップシステム個人情報保護方針等の内容を確認し、左記の者が 申請することに同意します。※申請者が未成年者の場合は、法定代理人の署名または記名押印が必須となります。法定代理人（ □ 親権者 □ 後見人 □ 保佐人 □ 補助人 □ その他）

本人署名又は記名押印
လျှောက်ထားသူ၏လက်မှတ်သို့မဟုတ်အမည်နှင့်တံဆိပ်

署名又は記名押印日　年　月　日
လက်မှတ် သို့မဟုတ် အမည်ရေးသားသည့်နေ့　နှစ်။　လ၊　ရက်၊